Oct 10, 2017 Luka 10:38-42

မာသားနှင့်မာရီယားတို့အိမ်မှာ မာသားကကြိုဆိုဧည့်ခံတဲ့အတွက် ယေရှုးဘုရားဂျင် ကြွရောက်တော်မူပါတယ်။

မာသားနှင့်မာရီယားတို့ညီအစ်မနစ်ဦး ရဲ့အခြေအနေမှာ မာသားက ဧည့်ခံကျွေးမွေးရေးတာဝန်များနှင့် အလုပ်ရှုပ်နေပါတယ်။

မာရိယားကတော့ ယေရှုးဘုရားဂျင်နှင့် စကားပြောနေတယ်။ ယေရှုးဘုရားဂျင်ရဲ့သွန်သင်ချက်များကို ကြားနာနာယူနေပါတယ်။ ကျွန်တော်တို့အတော်များများက မာသားနှင့်တူကြတယ်။

လောကီရေးရားခန္ဓာကိုယ်လိုအပ်ချက်များအတွက် အလုပ်ရှုပ်နေတတ်ကြတာ ယေရှုးဘုရားရှင်နှင့်စကားပြောဖို့အချနိမဂ္ဂိကြဘူး။

ဂျင်လုကာ ဧဝံဂေလိကျမ်း အခန်းကြီး ၄ မှာ နတ်ဆိုးကယေရှုးဘုရားရှင်ကိုနှောက်ယှက်တဲ့အခါ ယေရှုးဘုရားရှင်က လူသည်အစားအစာအားဖြင့် သာမဟုတ် ဘုရားသခင်၏ နှုတ်တော်ထွက်စကားအားဖြင့်လည်း အသက်ဂျင်ရမည့်အကြောင်းမိန့်ကြားတော်မူပါတယ်။

မာသားက အစားအစာအတွက် အလုပ်ရှုပ်နေတယ်။ မာရိယားကတော့ ယေရှုဘုရားနှုတ်တောထွက်စကား သွန်သင်ချက်များကို နာယူနေတယ်။ နားထောင်နေတယ်။

ဒီအခါမှာ ယေရှုးဘုရားရှင်က မာသားသည်ကောင်းမြတ်သော အရာကိုရွေးချက်လေပြီလို့ မိန့်တော်မူပါတယ်။

ထိုအရာဟာလည်း သူမထံမှ ဖယ်ကျားလို့ရမှာ မဟုတ်ပါဘူး။ နေ့စဉ်လောကီရေးရာနှင့် ရှုပ်ထွေးနေတတ်တဲ့ ကျွန်ုပ်တို့တတွေ နေ့စဉ်အသက်တာမှာ ကိုယ်တော်ဂျင့်ရဲ့နှုတ်တော်ထွက်စကား၊

ကိုယ်တော်ဂျင်ရဲ့သွန်သင်ချက်တွေကို ကြားနာဖို့အချိန်ပေးကြရမှာဖြစ်ပါတယ်။ သင်တို့အားလုံးဘုရားရှင်ကောင်းချီးပေးပါစေ။